# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 1 , 2022 Volume 61, Number 1


၁.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၁ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၂၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးဆွေးနွေး



https://www.myawady.net.mm/node/33478

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၏ ဥက္ကဋ္ဌ Mr. Fumio USUI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ (နိုဝင်ဘာ ၃၀) နံနက် ၉ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33478

## သဇင်မြေကုန်သွယ်မှုဗဟိုဌာနမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၉-၁၁-၂၀၂၂) မှ (၂၅-၁၁-၂၀၂၁) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများ အနေဖြင့် နနွင်းတက်၊ အုန်းသီးခြောက်၊ စစ်တုဉ၊ ဂျင်း(အစို)၊ ထန်လျက်၊ သရက်သီး၊ ဇီးဖတ်၊ မန်ကျည်းစေ့၊ ငါးစုံလေးခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးမုတ်မဲ၊ ဇီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၈၀၃၄၃ ဒသမ ၂၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၁၅ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် အုန်းသီးခြောက်တန်ချိန် ၅၄ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ အုန်းသီးခြောက်တန်ချိန် ၁၆ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် အုန်းသီးခြောက်တန်ချိန် ပိုမို၍ တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ်က အုန်းသီးခြောက်တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၆၂၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းခဲ့သည့် လူသုံးကုန်ပစ္စည်းများအနေဖြင့် Plastic Water Tavk တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ ၄၂၀၀၀ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## မြန်မာ့ငါးသလောက်ကို ပြည်ပပို့ကုန်အဖြစ်တင်ပို့နိုင်ရန် မျိုးစိတ်သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ



https://www.myawady.net.mm/node/33491

မြန်မာ့ငါးသလောက်ကို ပြည်ပပို့ကုန်အဖြစ်တင်ပို့နိုင်ရန် မျိုးစိတ်သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်း၏ ပြောကြားချက်အရ သိရသည်။ မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်အတွင်းမှရရှိသော ငါးသလောက်သည် အရသာကောင်းမွန်သောကြောင့် မြန်မာ့ငါးသလောက်အဖြစ် နာမည်ရလျက်ရှိပြီး မျိုးပွားသောအရွယ်ပါမကျန် ဖမ်းဆီးမှုများကြောင့် ငါးသလောက်မျိုးပွားခြင်း ကွင်းဆက်ပြတ်ခဲ့၍ ငါးသလောက်မျိုး ပြန်လည်ရှင်သန်စေရန် မျိုးစိတ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် နှစ်အနည်းငယ်အတွင်း ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။

"ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသလောက်ကို သုတေသနလုပ်ငန်းတွေ လုပ်ထားတာရှိတယ်။ မွေးမြူလို့တော့ မရသေးဘူး။ သဘာဝရေပြင်မှာပဲ ထိန်းသိမ်းထားလို့ရတယ်။ အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာလည်း သုတေသနလုပ်နေကြပေမယ့် သားဖောက်တဲ့အဆင့်ပဲအောင်မြင်ပြီး အကောင်ပေါက်ကို မွေးမြူလို့မရခဲ့ကြဘူး။ အကောင်ပေါက်မွေးမြူတဲ့အဆင့်ကို အိမ်နီးချင်းနိုင်ငံတွေလည်း မအောင်မြင်သေးဘူး။ ဒါကြောင့် သဘာဝရေပြင်မှာပဲ ဇရိယာသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ မွေးမြူလာကြတာ နှစ်ပေါင်း ၂၀ ကျော်ပြီ။ မြန်မာ့ငါးသလောက်မျိုးဆက် ဆက်လက်ရှင်သန်ဖို့ဆိုရင် သုတေသနလုပ်ငန်းတွေ များများလုပ်ဖို့လိုတယ်။ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ရေလုပ်သားတွေ သာမက ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်ရင် မြန်မာ့ငါးသလောက်က ပြည်ပပို့ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်မှာပါ" ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

မြန်မာ့ငါးသလောက်မျိုးများ ပြန်လည်ရှင်သန်နိုင်ရေး ယခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသလောက်ထိန်းသိမ်းရေးဇရိယာများ ဖော်ထုတ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၌ သားပေါက်ဇရိယာ ၁၁ နေရာသတ်မှတ်၍ တစ်နှစ်ပတ်လုံး ငါးမဖမ်းဆီးရန် ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33491

## တရုတ်နိုင်ငံတွင် GMS နိုင်ငံများ၏ စိုက်ပျိုးရေးနှင့်စက်မှုထုတ်ကုန် Matchmaking ပွဲများကျင်းပသွားရန်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် (၁၉-၁၁-၂၀၂၂) ရက်မှ (၂၂-၁၁-၂၀၂၂) ရက်နေ့ အတွင်း (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့်တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေးအာဏာပိုင်များ ပူးပေါင်းကျင်းပခဲ့ရာ ယင်း၏နောက်ဆက်တွဲလုပ်ရှားမှုတစ်ခုအနေဖြင့် ၂၀၂၂ ခုနှစ် GMS စိုက်ပျိုးရေးနှင့်စက်မှုထုတ်ကုန် Matchmaking ပွဲများကို တရုတ်နိုင်ငံ၊ လန်ချန်း-မဲခေါင်ဒေသခွဲ စီးပွားရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနတို့မှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပရန် ရှိရာ "GMS စိုက်ပျိုးရေးထွက်ကုန် Matchmaking Event"ကို (၂၈-၁၁-၂၂) ရက်နေ့တွင်လည်းကောင်း "GMS စက်မှုပိုင်းဆိုင်ရာ ထုတ်ကုန်များ Matchmaking Event" ကို (၁၂-၁၂-၂၂)ရက်နေ့တွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ပါကြောင်း အဆိုပါပွဲများသည် "၂၀၂၂ခုနှစ်၊ GMS-စီးပွားရေးစင်္ကြံအုပ်ချုပ်ရေးမှူးဖိုရမ်"၏ လှုပ်ရှားမှုများကိုပံ့ပိုးပေးခြင်းဖြစ်ပြီး "အော့ဖ်လိုင်းနှင့်အွန်လိုင်း" နှစ်မျိုးစလုံးကျင်းပမည်ဖြစ်ပါကြောင်း အော့ဖ်လိုင်းကိုတရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Kunming

Jiahua Plaza Hotel တွင်ကျင်းပသွားမည်ဖြစ်ပါကြောင်း အဆိုပါပွဲ(၂) ပွဲသည် မဲခေါင်မြစ်ကြောင်း လယ်ယာထွက်ကုန်နှင့် စက်ပိုင်းဆိုင်ရာထွက်ကုန်များထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးအတွက်ရည်ရွယ်ပြီး ဒေသတွင်းသွင်းကုန်နှင့် ပို့ကုန်ကုန်သွယ်မှုမြှင့်တင်ရန်ရည်ရွယ်၍ ဗီယက်နမ်နိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့်တရုတ်တို့က ၎င်းတို့၏ အဓိက ထုတ်ကုန်များကို မိတ်ဆက်ရန် လုပ်ငန်းရှင်များပါဝင်မည်ဖြစ်ပါကြောင်း အခြားသော စီးပွားရေးကဏ္ဍမှ စိတ်ဝင်စားသော ကုန်သည်များနှင့် ဝယ်ယူသူများလည်း တက်ရောက်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source: စီးပွားရေးဌာန ယူနန်ပြည်နယ်၊ကူမင်းမြို့**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%

## RCEP ဈေးကွက်ရှိ တရုတ်ကုမ္ပဏီများ အကောင်းမြင်သဘောထားရှိ

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို အဆင့်မြင့်အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဒေသတွင်းပွင့်လင်းမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများနှင့်စီးပွားရေးခေါင်းဆောင်များထံမှ သိရသည်။ (၁-၁-၂၂) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ကုန်သွယ်ရေးသဘောတူညီချက်သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဇရိယာကို ဖန်တီးပေးခဲ့ပြီး ဒေသတွင်းနှင့် ပြင်ပစီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း (၆-၁၁-၂၂)ရက်နေ့တွင် ထုတ်ပြန်သည့် HSBC အစီရင်ခံစာတွင် RCEP အဖွဲ့ဝင် ကိုးနိုင်ငံ၌ အခြေစိုက်သည့်ကုမ္ပဏီပေါင်း ၃၄၀၀ နီးပါးက လာမည့် ၁၂ လအတွင်း ၎င်းတို့၏ တရုတ်စီးပွားရေးဝင်ငွေသည် ၂၀ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ထားကြောင်း HSBC ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

RCEP ဈေးကွက်ရှိ ကုမ္ပဏီများသည် ၎င်းတို့၏ တရုတ်နိုင်ငံရှိ လုပ်ငန်းများမှဝင်ငွေသည် တစ်နှစ်လျှင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းတိုးလာရန် ၄၀ ရာခိုင်နှုန်းက မျှော်မှန်းထားကြောင်းနှင့် ကုမ္ပဏီများ၏ ၁၀ ရာခိုင်နှုန်းသည် နှစ်စဉ်ဝင်ငွေ ၅၀ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်မှန်းထားကြောင်း၊ RCEP ကို အကောင်အထည်ဖော်ခြင်းသည် နိုင်ငံစုံစနစ်၊ လွတ်လပ်စွာကုန်သွယ်မှုနှင့်ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို ထိန်းထားရန် သက်ဆိုင်ရာပါတီများ၏ ယုံကြည်မှုနှင့်သန္နိဋ္ဌာန်ကို ပြသကြောင်းနှင့် ယင်းသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရန် အရေးကြီးသော ပံ့ပိုးကူညီမှုများဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးကူညီမည်ဖြစ်ကြောင်း နိုင်ငံတကာ စီးပွားရေးနှင့် စီးပွားရေးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ Hong Junjie က ပဉ္စမအကြိမ်မြောက် Hongqiao အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့ပါသည်။

အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Dato Lim Jock Hoi က လူ့ဘောင်အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလိုအပ်ပြီး အဲဒီအတွက် RCEP ဟာ အရေးကြီးသော အခန်းကဏ္ဍကနေ ပါဝင်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးသဘောတူညီချက်သည် ထောက်ပံ့ရေးကွင်းဆက်များတွင် ရေတိုနှင့်ရေရှည်ပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရုံသာမက ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒါတိုလင်ကပြောကြားခဲ့သည်။

RCEP ဈေးကွက်များမှ စစ်တမ်းကောက်ယူထားသည့် အစီရင်ခံစာအရ ကုမ္ပဏီများ၏ ၉၃ ရာခိုင်နှုန်းနီးပါးက RCEP အစီအစဉ်များအောက်တွင် တရုတ်မိတ်ဖက်များနှင့် ကုန်သွယ်မှုဆက်ဆံရေး ခိုင်မာလာမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများမှ အထူးသိသာထင်ရှားသည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း တွေ့ဆုံမေးမြန်းချက်များအရ RCEP ဈေးကွက်ရှိနိုင်ငံများမှ ကုမ္ပဏီများ၏ ၇၈ ရာခိုင်နှုန်းနီးပါးသည် လာမည့် ၂၄ လအတွင်း တရုတ်နိုင်ငံ၌ ၎င်းတို့၏ ထောက်ပံ့ရေးကွင်းဆက်ကို တိုးချဲ့ရန်စီစဉ်လျက်ရှိကြောင်း သိရှိရပြီးအဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးချခြင်းနှင့် မဟာဗျူဟာမြောက် ပေးသွင်းသူများနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးကို

တည်ဆောက်ခြင်းသည် ၎င်းတို့အာရုံစိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း RCEP သည် ကုန်ကျစရိတ်များကို လျှော့ချရန်၊ ထောက်ပံ့ရေးကွင်းဆက်ကို တည်ငြိမ်စေရန်နှင့်ကုန်သွယ်မှုကိုမြှင့်တင်ရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)

**Source:** Firms in RCEP markets optimistic – News – 云桥网英文 (yunnan gateway.com)

https://myantrade.gov.mm/article/RCEP%20%E1%80%85%E1%80%BB%E1%80%B1%E1%80%B8%E1%80%80%E1%80%BD%E1%80%80%E1%80%BA%E1%80%9B%E1%80%BE%E1%80%AD%20%E1%80%90%E1%80%80

## ကိုဗစ်ကြောင့် တရုတ်ဘက်ခြမ်းပိတ်ဆို့သဖြင့် ဖရဲ၊ သခွား ဈေးပြုတ်ကျ

တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာတာကြောင့် နယ်စပ်ကုန်သွယ်မှုကို ကန့်သတ်ထိန်းချုပ်မှုတွေ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း မြန်မာဘက်ခြမ်းက တင်ပို့ရောင်းချနေတဲ့ ဖရဲ၊ သခွားဈေးနှုန်းတွေ ပြန်လည်ကျဆင်းလာပါတယ်။

"တရုတ်နိုင်ငံရဲ့ ဖရဲနဲ့သခွားမွှေးဝယ်လိုအား တော်တော်ကျဆင်းလာတယ်"လို့ မူဆယ်အခြေစိုက် သစ်သီး ကုန်သည်အချို့ကပြောပါတယ်။ တရုတ်နိုင်ငံအတွင်း ပြင်းထန်တဲ့အသွားအလာပိတ်ဆို့ခြင်းတွေ ရင်ဆိုင်နေရပြီး ဒါက မြန်မာ့ဖရဲနဲ့ သခွားမွှေးဈေးကွက်အပေါ် လွှမ်းမိုးခဲ့ကြောင်း သိရှိရပါတယ်။

"မူဆယ်ကို တရုတ်ဝယ်လက်တွေ ရောက်လာပေမယ့် ပိတ်ဆို့ကန့်သတ်မှုတွေကြောင့် ကုန်သွယ်မှုကနှေးကွေးနေပါတယ်"လို့ သစ်သီးကုန်သည်တစ်ဦးကဆိုပါတယ်။ လက်ရှိမှာ ဖရဲဈေး (၁.၅) ယွမ်နဲ့ သခွားမွှေးဈေး (၂.၅) ယွမ်ခန့်ရှိပြီး တရုတ်အဝယ်တော်တွေက ဈေးနှိမ်နေတာကြောင့် အရောင်း/အဝယ်အေးနေတယ်လို့ မောင်းကု(ပို့ကုန်/သွင်းကုန်)က ရေးသားဖော်ပြထားပါတယ်။

"တရုတ်ကြီးရဲ့ကျန်းမာရေးဟာ ဖရဲ၊ သခွား တောင်သူတွေရဲ့ကျန်းမာရေးပါ။ တရုတ်ပြည်ရဲ့ ဖရဲ၊ သခွားဈေးကွက်ကတော့ လကုန်ပြီး လဆန်းပိုင်းထဲမှာထူးပါမည်။ မထူးရင်တော့ ရှုံးပြီပေါ့"လို့ မောင်းကုက ဆိုပါတယ်။ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို ဖရဲ၊ သခွားကားအစီးရေ (၂၀) မှ (၃၀) အကြား ဝင်ရောက်မှုရှိနေဆဲဖြစ်ပြီး တရုတ်ဖက်ကိုလည်း သစ်သီး မရောင်းရဘဲ ဝင်ရောက်နေတာဖြစ်ပါတယ်။

**Source: BETV Business**

## နယ်စပ်ပို့ကုန်ရငွေကို (၆၅/၃၅) စနစ်ကျင့်သုံး

နယ်စပ်ကုန်သွယ်ရေးမှ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ပြောင်း၊ရော်ဘာ၊ ရေထွက်ပစ္စည်းနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ပို့ကုန်ရရှိငွေ (၆၅) ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းဖြင့် တစ်ရက်အတွင်းရောင်းချရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

နယ်စပ်ဒေသမှ ကုန်သွယ်မှုပြုလုပ်ရာတွင် ယခင်က ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းအတိုင်း ကန့်သတ်မှုမရှိခဲ့သော်လည်း ယခုအခါ ပို့ကုန်ရရှိငွေ (၆၅) ရာခိုင်နှုန်းကို သတ်မှတ်ချက်အတိုင်း ရောင်းချရမည်ဖြစ်သည်။

ပြည်ပသို့ နယ်စပ်မှတင်ပို့သည့် ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ)၊ ဆီထွက်သီးနှံ(မြေပဲ၊နှမ်း)၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်း (ငါးမျိုးစုံ၊ပုဇွန်၊ကဏန်း၊ငါးရှဥ့်)နှင့် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း (ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ ကျွဲသားရေ၊ နွားသားရေ၊ ဆိတ်သားရေ၊ အေးခဲသားနှင့် အသားခြောက်) စသည့် ပို့ကုန်များမှ ရရှိသည့် ငွေများကို အမေရိကန်ဒေါ်လာနှင့် ပေးချေရန်ခက်ခဲပါက တရုတ်ယွမ်နှင့်ဖြစ်စေ၊ ထိုင်းဘတ်နှင့်ဖြစ်စေ ပေးချေရန်နှင့် အဆိုပါပို့ကုန်ရငွေ၏(၆၅) ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်တွက်ချက်၍ ညီမျှသောပမာဏကို ဗဟိုဘဏ်၏ သတ်မှတ်ဈေးနှုန်းဖြင့် အလုပ်လုပ်ရက်(၁)ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဝယ်ယူရန်နှင့် ကျန်(၃၅)ရာခိုင်နှုန်းကို ပို့ကုန်တင်ပို့သူအနေနှင့် ရက်(၃၀)အတွင်း မိမိကိုယ်တိုင်အတွက် လွတ်လပ်စွာသုံးစွဲခြင်း၊ အခြားသူကိုလွှဲပြောင်းခြင်း၊ AD လိုင်စင်ရဘဏ်များကို ရောင်းချရန် ဖော်ပြထားသည်။

နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ပို့ကုန်လုပ်ငန်းရှင်၏ ပို့ကုန်တင်ပို့ခြင်းမှ တရုတ်ယွမ်၊ ထိုင်းဘတ်နှင့်ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ (၆၅) ရာခိုင်နှုန်းကို ဗဟိုဘဏ်မှ သတ်မှတ်ထားသော ငွေ လဲလှယ်နှုန်းဖြင့် ဝယ်ယူရန်၊ ဝယ်ယူထားသည့် တရုတ်ယွမ်နှင့် ထိုင်းဘတ်တို့ကို အမေရိကန်ဒေါ်လာနှင့် တန်ဖိုးသင့်၍ ဘဏ်မှရောင်းချနိုင်သောပမာဏအဖြစ် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီသို့တင်ပြရန်၊ ကျန်ပို့ကုန်ရငွေ(၃၅)ရာခိုင်နှုန်းကို ရက်(၃၀) အတွင်း ကိုယ်တိုင်သုံးစွဲရမည်ဖြစ်ပြီး သုံးစွဲမှုမရှိသောကျန်ငွေများကို AD လိုင်စင်ရဘဏ်များက ဝယ်ယူရမည်ဟု ဖော်ပြပါရှိသည်။

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး၊ ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးအောက်မှ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေစီမံဌာနသို့ Electric Reporting System (ERS) ၊ Special Study Border Module များဖြင့် သတင်းပေးပို့ရမည်ဟုလည်း ဖော်ပြထားသည်။

အဆိုပါ ညွှန်ကြားချက်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ(၂၁)ရက်နေ့မှစတင်ကာ လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်များအနေနှင့် (၆၅) ရာခိုင်နှုန်းကို ဗဟိုဘဏ်ထံ ရောင်းချရမည်ဖြစ်သော်လည်း ဆန်နှင့် ဆန်ကွဲပို့ကုန်ကိုမူ ကင်းလွတ်ခွင့်ပြုထားဆဲဖြစ်သည်။

Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2025005

## STOCK EXCHANGE (1.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,100 | 9,100 | 9,100 | 11 | 100,100 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 364 | 1,201,200 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 48 | 369,600 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 596 | 11,622,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3 | 7,950 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 602 | 1,595,300 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 25 | 122,500 | 10,497,598 | 51,438 |


### Market summary

As of 1st Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.33 | +1.91 | +0.48% | 398.42 | 400.33 | 398.42 | 1,649 | 15,018,650 | 7 | 696,417 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 1st Dec. 2022

| MYANPIX | 400.33 ▲ 1.91 |
|---|---|
| Total Volume (shares) | 1,649 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 696,417 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 100 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR